# ဗျာဒိတ်ကို လေ့လာခြင်း
# Understanding prophecy

၁။ ပရောဖက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုဟောပြောသောတရားဟောဆရာထက်ကြီးမြတ်သူဖြစ်ပါသည်။ ၁ ကော ၁၄း၃ ပရောဖက်သည် ဘုရားသခင်ရွေးချယ်မှုတ်သွင်းသောသူဖြစ်ပါသည်။ပရောဖက်အားဖြင့် ကျွန်တော် တို့ကို တည်ဆောက်ခြင်း၊ခွန်အားပေးခြင်း နှင့် သက်သာခြင်းတို့ကို နှုတ်ကပတ်တော်အားဖြင့်ရရှိခံစားရပါသည်။

ဓမ္မဟောင်းကျမ်းစာပါ ဗျာဒိတ်(ခေါ်)ပရောဖက်ကျမ်းများကို လေ့လာပါကဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောခြင်းများ၏ အထက်တွင်တည်ရှိနေခဲ့ကြသည်ကို တွေ့ရှိရပါမည်။ဒုတိယအနေဖြင့်ပရောဖက်သည်ဓမ္မသစ်ကျမ်းစာ ပါအာဂဗု ကဲ့သို့ အနာဂါတ်ကိုကြိုတင်ပြောနိုင်စွမ်းရှိသူများဖြစ်ကြပါသည်။ တမန် ၁၁း၂၈ ၂၁း၁၀-၁၁

ပထမဦးဆုံးသော ဗျာဒိတ်ဟောပြောမှုမှာ မေရှိယ (မိန်းမ၏အမျိုးအနွယ်)သည်စာတန်မာန်နတ်ကို ချေမှုန်းလိမ့်မည်ဟုဖြစ်ပါသည်။ကမ္ဘာ ၃း၁၅-၁၆

ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးပရောဖက်ဖြစ်သောမာလခိတွင်တရားတော်နေမင်းဟု သောမေရှိယပေါ်ထွန်း လာမည့်အကြောင်းဗျာဒိတ်ပေးခဲ့ပါသည်။ မလာခိ ၄း၂

၂။ ဓမ္မဟောင်းကျမ်းတွင် ချက်ချင်းဖြစ်ပေါ်သော ဗျာဒိတ်နှင့်နောက်မှ ဖြစ်လာမည့်ဗျာဒိတ်ဟူ၍ရှိပါသည်။

ဆာလံကျမ်း ၇၂ တွင် ဆော်လမွန်ဘုရင်၏အုပ်စိုးမှုအကြောင်းကို အပိုဒ်များစွာ၌ ဖော်ပြထားပါသည်။ နောက်ဖြစ်ထွန်းပေါ်ပေါက်လာမည့် ဘုရင်ဖြစ်သောယေရှု အကြောင်းကို အပိုဒ် ၁၇ တွင်ဖော်ပြထားပါ သည်။

ဘုရားသခင်သည်မောရှည်ကိုချက်ခြင်းသက်ရောက်သောဗျာဒိတ်များကိုပေးခဲ့သော်လည်းနောင်ပေါ်ထွန်းမည့် ပရောဖက်သခင်ယေရှုကို ကြိုတင်သိမြင်နိုင်စေရန် ပုံဖော်ပေးခဲ့ပါသည်။ တရား ၁၈း၁၅-၁၈

၃။ ယင်းကို နောင်ပေါ်လာမည့်ဗျာဒိတ်ဟု ခေါ်ဆိုပါသည်။သို့သော်တချို့ဖြစ်စဉ်များတွင်စောလျင်စွာဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပါသည်။သို့သော်ဗျာဒိတ်သည် တဆုံးမျှော်ကြည့်ရစမြဲဖြစ်ပါသည်။
ရှင်မသဲ အခန်းကြီး ၂၄-၂၅

ကိုယ်တော်သည် သံလွင်တောင်ပေါ်တွင်မိန့်ဆိုချက်ကိုလေ့လာပါကတချို့ကိစ္စရပ်များသည်ယေရှုရှ လင်မြို့ပျက်စီးချိန်တွင်ဖြစ်ပေါ်မည့်အရာများဖြစ်ပြီးတချို့အရာများသည်နောက်ဆုံးသောကာလတွင်ဖြစ်ပေါ်မည့်အရာများဖြစ်ကြောင်းတွေ့ရှိနိုင်ပါသည်။

မသဲ ၂၄း၁၅-၁၉ တွင်ယေရှုရှလင်ပျက်စီးမည့်အကြောင်း ဖော်ပြထားပါသည်။

မသဲ ၂၄း၂၉-၃၁၊၂၅း၃၁-၄၆ ၊ ၂၄း၂၂-၂၈ တွင်ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်အကြောင်းဖော်ပြထားပါသည်။

၄။ အထူးသဖြင့် ဓမ္မဟောင်းကျမ်းစာပါမေရှိယ ကြွလာမည့်အကြောင်းမေရှိယ ၏လုပ်ဆောင်မှုများနှင့် နိုင်ငံတော် အကြောင်းကို ဂရုပြုကြည့်ရှုကြပါစို့-

ပရောဖက် ဇာခရိမည်သို့ပရောဖက်ပြုထားသနည်း။ ၂း၉-၁၁ , ၃း၈-၉ယ ၆း၁၁-၁၃၊၁၅ ၊၈း၇-၈,၂၃ ၊၉း၁၀၊၁၁း၁၃ ၁၂း၁၀ ၊ ၁၃း၁ , ၇-၈ ၊၁၄း ၉စမွှသစ်ကျမ်းရှိ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင်ပရောဖက်ပြုချက် (ဗျာဒိတ်)များ မည်သို့ပြည့်စုံခဲ့သည်ကိုလေ့လာကြည့်ကြပါစို့.- ၁၉း၁-၃ (ယော ၅၃း၅)၁၉း၉(ယော ၅၃း၇)၊၁၉း၁၈ (ယော၅၃း၁၂) ၁၉း၂၄ (ဆာလံ ၂၂း၁၈)၁၉း၂၈-၃၀(ဆာလံ ၆၉း၂၁)၊၁၉း၃၃-၃၆ (ဆာလံ၃၄း၂၀)၁၉း၃၇(ဇာခရိ ၁၂း၁၀)၁၉း၄၁ (ယော ၅၃း၉) သန့်ရှင်း သောရက်သတ္တပါတ်တွင် ဘုရားသခင်သည် သားတော်ကိုမေရှိယဖြစ်ကြောင်း အတိအလင်းဖော်ပြခဲ့ပါသည်။ယင်း မတိုင်မှီရှင်ယောဟန် ခရစ်ဝင်ကျမ်းတွင် - ၁၂း၁၅(ဇာခရိ ၉း၉) ၁၂း၃၈ (ယော ၅၃း၁)၁၂း၄၀ (ယော ၆း၉-၁၀) ၁၃း၁၈ နှင့် ၁၇း၁၂ (ဆာလံ ၄၁း၉) ၁၅း၂၅ (ဆာလံ ၃၅း၁၉)

၅။ ပရောဖက်ပြုချက်များ (သို့မဟုတ်)ရှုပါရုံများဟူသော ဗျာဒိတ်များသည်အကြောင်းအရာ တစ်ခုထဲကိုသာ ဖော်ပြတတ်ကြသည်ကိုလည်းတွေ့ရှိရပါသည်။ဘုရားသခင်သည် ကျယ်ပြန့်ကြီးကျယ်သောဗျာဒိတ်များကို ကျွန်တော် တို့နှင့်ကိုက်ညီအောင်ဖွင့်လှစ်ပေးခဲ့ပါသည်။သို့မဟုတ် ခြားနားသောရှုထောင့်မှ ဖော်ပြပေးတတ်ပါသည်။ ဗျာဒိတ်ကျမ်းတွင်ပါရှိသော တံဆိပ်(၇)ခု၊တံပိုးခရာများ၊အံ့ဖွယ်သော ကိန်းဂဏန်းများနှင့် အမျက်တော်ဖလားများ တို့ဖြစ်ပါသည်။

၆။ မေရှိယအပြင် လူပုဂ္ဂိုလ်များအတွက်ပရောဖက်ပြုချက်များလည်းရှိပါသေးသည်။

ကုရှုမင်း - ယော၄၄း၂၈၊၄၅း၁

ဗတ္တိဇံဆရာယောဟန် မလိခ ၃း၁

မယ်တော်မာရိ ယော ၇း၁၄

၇။ တခါတရံပရောဖက်ပြုချက်များသည် ဆင်ခြင်တက်စရာမလိုအောင်လွန်စွာတိကျစွာပြည့်စုံခဲ့သော်လည်း ပရောဖက်ပြုချက်ပြည့်စုံရန်အတွက် နှစ်ရာထောင်ချီကြာမြင့်တတ်ပါသည်။ကိုယ်တော်ကိုအပ်နှံသောငွေဒင်္ဂါး(၃၀)။ ကိုယ်တော်၏ဝတ်ရုံတော် ဇာခရိ ၁၁း၁၂ ဆာလံ ၂၂း၁၈

၈။ အရှည်လျားဆုံးသောပရောဖက်ကျမ်းဟေရှာယတွင်ကိုယ်တော်ရှင်မည်သို့ပြုမူလုပ်ဆောင်မည်ကိုဖော်ပြထားပါ သည်။အခန်းကြီး ၆၁ တွင့်မေရှိယ ဘုရင်အကြောင်းနှင့် ၆၀ တွင် ကိုယ်တော်၏နိုင်ငံတော်အကြောင်း ပါရှိပါသည်။ပါဝင်သောအခန်းကြီး ၆၆ ခုတွင် ပိုမိုလေ့လာနိုင်ကြပါသည်။


သင်းအုပ်ဆရာ

တိုင်းရင်းသားလူသာရင် အသင်းတော်

ရန်ကုန်မြို့